ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

1.5.2023

Date -01/05/23

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၁၀) ဦး	(၇) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ချင်းပြည်နယ်

- မေလ(၁)ရက်နေ့တွင် ဟားခါးမြို့နယ်၊ ဂန့်ဂေါ-ဟားခါးလမ်းပိုင်းတစ်နေရာတွင် တပ်မ (၇၇) လက်အောက်ခံ ရန်သူ့တပ်နှင့်ဒေသခံကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ့တပ်ဘက်မှ သေနတ် (၁၀)လက် သိမ်းဆည်းရမိခဲ့သည်။ ရန်သူ့တပ် အထိနာခဲ့သည့်အတွက် နံနက်ပိုင်းတွင် ဂျက်ဖိုက်တာ (၁)စီးဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။
- ဧပြီလ(၃၀)ရက်နေ့တွင် ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးမြို့နှင့် ငါးအော်ကျင်း ကျေးရွာအကြားတွင် CDF-Kanpetlet နှင့်ရန်သူ့တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရန်သူ့တပ်သား (၂)ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်

- ဧပြီလ(၃၀)ရက်နေ့ညနေ(၆:၂၀)နာရီတွင် ဘီးလင်းမြို့နယ်၊ သပြေနီကျေးရွာရှိ ရန်သူ့ သံတံတားကင်းစခန်းအား၊ KNLA၊ PDF၊ PPDF – KD၊ KRF၊ TPDF၊ ဘီးလင်း (ပကဖ) နှင့် ကျိုက်ထို (ပကဖ) ပူးပေါင်းအဖွဲ့က စစ်ရေးပစ်မှတ်အဖြစ် သတ်မှတ်၍ ဒရုန်းဖြင့် ဗုံးသီး ၂လုံး ချကာ တိုက်ခိုက်ခဲ့သည်။ (၆:၂၃)နာရီတွင် ဒရုန်းဖြင့် ဗုံးသီး(၃)လုံးချ တိုက်ခိုက်ရာ စုစုပေါင်း ဗုံးသီး(၅)လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည်။
- ဧပြီလ(၂၉)ရက်နေ့ညနေ(၆:၂၅)နာရီတွင် ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာအနီး သံတံတားဂိတ်ကို KLNA /PDF သထုံမြို့နယ်ပြည်သူ့ကာကွယ်ရေး အင်အားစု TPDF/PPDF-KD/KRF ဘီးလင်း မြို့နယ် ပကဖနှင့် ကျိုက်ထိုမြို့နယ်ပကဖတို့ ပူးပေါင်း၍ Drone ဖြင့် သွားရောက်တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်သား (၂)ဦး သေဆုံး ကာ (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဧပြီလ(၂၉)ရက်နေ့နေ့လည်(၁၂)နာရီခန့်တွင် ဘီးလင်းမြို့နယ်၊ အဝန်းကြီးကျေးရွာ လမ်းထိပ်တွင် ကင်းပုန်းယူနေသော ရန်သူ့တပ်သားများကို KNLA တပ်ခွဲ (၃)၊ သထုံ (ပကဖ)၊ HRS ဒရုန်းတပ်ဖွဲ့ ပူးပေါင်းအဖွဲ့က ဒရုန်း ၄၀ မမ တို့ဖြင့် သွားရောက် တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်သား(၄)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။
- ဧပြီလ(၂၉)ရက်နေ့နေ့လည်(၁၂:၃၀)နာရီခန့်တွင် ကျိုက်ထိုမြို့နယ်၊ ကမ္မန်ချောင်းရဲစခန်းကို KLNA/PDF သထုံမြို့နယ် ပြည်သူ့ကာကွယ်ရေးအင်အားစု TPDF/PPDF/KRF နှင့် ကျိုက်ထိုမြို့နယ် ပကဖတို့ ပူးပေါင်းပြီး Drone ဖြင့် သွားရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။
- ဧပြီလ(၂၉)ရက်နေ့မနက်(၇:၃၀)နာရီခန့်တွင် ရေးမြို့အဝင် ခမရ ၅၈၆ အနီး စစ်တပ်၊ BGF နှင့် ပြည်သူ့စစ်များ ရှိနေသော စစ်တပ်လုံခြုံရေးဂိတ်ကို ရေးဘီလူးအဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်သား(၆)ဦး သေဆုံးခဲ့ပြီး ရေးဘီလူးတပ်ဖွဲ့ဘက်မှ (၁) ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

ဧပြီလ(၂၉)ရက်နေ့နေ့လည်(၁:၃၅)နာရီခန့်တွင် သပိတ်ကျင်းမြို့နယ်၊ တကောင်းနီကယ်စက်ရုံမှ ဒဏ်ရာရ ရန်သူ့တပ်များကို (၇)မိုင်ဆေးရုံသို့ ပို့ဆောင်ရန် အင်အား(၅၀)ခန့်က တွဲကားအနီ (၁)စီးဖြင့် ဆင်းလာစဉ် မြနန္ဒာကျေးရွာအနီးသို့ ရောက်ရှိချိန်၌ တကောင်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့-Tagaung Defense Force၊ လျှပ်စီးပြောက်ကျားတပ်ဖွဲ့ (ရပ်ကျေး ပကဖ)နှင့်TBK-တောဆင်ရိုင်း PDF တို့က ပူးပေါင်း၍ မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး၊ မတောင်ကျေးရွာ အကျော်တွင် ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ကားမှာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ရောဝတီတိုင်း

ဧပြီလ(၃၀)ရက်နေ့ည(၇:၁၀)နာရီခန့်တွင် မော်ကျွန်းမြို့နယ်၊ မြတ်သာရွာမ ရဲစခန်းကို တော်လှန်ရေးအင်အားစုများက ၄၀ မမ ဗုံးသီးဖြင့် နန်းထိုက်အောင်စစ်ဆင်ရေးအဖြစ် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရဲစခန်း ပင်မအဆောက်အအုံကို ၄၀ မမ ဗုံးသီး ထိမှန်ခဲ့ပြီး အတွင်းပိုင်း ပျက်စီးမှု အခြေအနေနှင့်ရန်သူ့တပ်သားများ ထိခိုက်သေဆုံးမှု အခြေအနေကိုလည်း အတည်မပြုနိုင်သေးကြောင်းသိရသည်။ အဆိုပါ တိုက်ခိုက်မှုကို ရောဝတီလင်းပိုင်မော်ကျွန်း၊ မော်ကျွန်းမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့နှင့် ဘိုကလေးလင်းပိုင် အဖွဲ့တို့က ပူးပေါင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။